# ဝန်ဆောင်မှု စည်းမျဉ်းစည်းကမ်းများ

- စာရင်းပေးသွင်းခြင်းဖြင့် လူကြီးမင်း ဖြည့်စွက်ထားသော အချက်အလက်များ မှန်ကန်မှုရှိကြောင်း နှင့် ကိုယ်စားဖြည့်စွက်ပါက (တခြားသူ တစ်ဦးတစ်ယောက်၏ အချက်အလက်ကို ဖြည့်စွက် စာရင်းသွင်းရသောအခါ) လိုအပ်သော ခွင့်ပြုချက် များကို ရယူပြီးဖြစ်ကြောင်း အတည်ပြုပါသည်။ ထို ကိစ္စရပ်များဖြင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့် မရှိသော သို့မဟုတ် မမှန်ကန်သော ကိုယ်ရေးအချက်အလက် များ ဖြည့်စွက်ထားခြင်း အတွက် MPT မှ တာဝန်ရှိမည်မဟုတ်ပေ။

- လူကြီးမင်းအနေဖြင့် MPTမှ ပေးပို့သော စာရွက်ငွေတောင်းခံလွှာများ ရယူခြင်းကို ရပ်ဆိုင်းပြီး စာရင်းပေးသွင်းထားသော ဆက်သွယ်ရန်အချက်အလက်များ (အီးမေးလ်၊ မိုဘိုင်းဖုန်းသို့ စာတို၊ အခြား အီလက်ထရောနစ်ဆိုင်ရာ အချက်အလက်) မှတဆင့် အီလက်ထရောနစ် စနစ်ဖြင့် ငွေတောင်းခံလွှာ များအား ပေးပို့မည်ကို နားလည်လက်ခံ ပါသည်။

- ယခု ပရိုမိုးရှင်းအား ရယူရန်အတွက်သော်လည်းကောင်း ယခု ပရိုမိုးရှင်းအား ရယူပြီး ပါက ဆက်လက် အကျိုးခံစားခွင့် ရရှိနိုင်စေရန်အတွက် လူကြီးမင်းတွင် ငွေပေးချေရန် သတ်မှတ်ရက်ကျော်လွန်နေသော ငွေတောင်းခံလွှာများ မရှိရပါ။ ထို့အပြင် လူကြီးမင်း ပရိုမိုးရှင်း ရယူထားသော ဝန်ဆောင်မှုသည် ယာယီဆိုင်းငံ့ခံရခြင်း၊ အပြီး ပိတ်သိမ်း ခံရခြင်း သို့မဟုတ် လိုင်းပိတ်ထားခြင်းများ မရှိမှသာလျှင် ယခု ပရိုမိုးရှင်းအား ခံစားခွင့် ရရှိမည် ဖြစ်သည်။

- MPT အနေဖြင့် လူကြီးမင်းအား လစဉ် ၅၀၀ကျပ် သက်သာခွင့်ဖြင့် ၅လ ဆက်တိုက် လျှော့ချပေးမည့် အစီအစဉ်မှာ ကနဦး စာရင်းသွင်းသည့် အချိန်တွင်သာ အကျုံးဝင်မည် ဖြစ်သည်။ ထိုခံစားခွင့်သည် လူကြီးမင်း၏ ဆက်သွယ်ရန် အချက်အလက် များအား မှန်ကန်ကြောင်း စီစစ်ပြီးသည့် အချိန်မှစ၍ နောက်၃ လ နှင့် အထက် အကြာမှ သာလျှင် ရရှိ ခံစားနိုင်မည် ဖြစ်သည်။

- ယခုပေးအပ်သော အကျိုးခံစားခွင့် သည် ငွေတောင်းခံလွှာ တစ်စောင်ပေါ်တွင်သာ အကျုံးဝင်မည်ဖြစ်ပြီး (ဝန်ဆောင်မှု တစ်ခုခြင်းအပေါ် သတ်မှတ်ခြင်း မဟုတ်ပါ)။ ဥပမာ ငွေတောင်းခံလွှာ တစ်ခုတည်းတွင် တစ်ခုထက်ပိုသော ဝန်ဆောင်မှု ရှိနေသော်လည်း လူကြီးမင်း သည် စုစုပေါင်း လစဉ် ၅၀၀ ကျပ်လျှော့ဈေးဖြင့် ၅ လဆက်တိုက် ရရှိမည် ဖြစ်သည်။

• ပရိုမိုးရှင်းအား ရယူပြီး ခံစားနေစဉ်ကာလအတွင်း အကြောင်းကြောင်းကြောင့် စာရွက်ငွေတောင်းခံလွှာအား ရယူလိုပါက နီးစပ်ရာ တယ်လီဖုန်းအခွန်ဌာနစိတ် (TRA) သို့မဟုတ် Commercial ရုံး များတွင် အခမဲ့ သွားရောက် ထုတ်ယူနိုင်ပါသည်။

• အကယ်၍ လူကြီးမင်းအနေဖြင့် အီလက်ထရောနစ် ငွေတောင်းခံလွှာအား လက်ခံရယူရန် သဘောတူပြီးသည့် အချိန်မှစ၍ ၁၂ လအတွင်း စာရွက်ငွေတောင်းခံလွှာ အား ပြောင်းလဲတောင်းခံပါက system တွင် ပြောင်းလဲလုပ်ဆောင်မှုပြုလုပ်ရသည့်အတွက် အများဆုံး ၃၀၀၀ ကျပ်အား ပြန်လည်ကောက်ခံမည် ဖြစ်ပြီး ထိုပြောင်းလဲလုပ်ဆောင်နိုင်ခွင့်ကို MPT မှ ရရှိထားပြီးဖြစ်သည်။ လူကြီးမင်းထံသို့ ပို့ဆောင်ပေးမည့် နောက်လ ငွေတောင်းခံလွှာတွင် ထိုထပ်ဆောင်းပေးရမည့်ပမာဏအား ထည့်သွင်းတောင်းခံမည် ဖြစ်သည်။

• MPT အနေဖြင့် ယခု Discount အား တစ်ဦးချင်း ပုဂ္ဂလိက(သုံးစွဲသူ)များ ကိုသာ ခံစားခွင့်ပေးမည်ဖြစ်သည်။ အခြား သုံးစွဲသူများ ဖြစ်သော ကော်ပိုရိတ် B2B ၊အစိုးရ အဖွဲ့အစည်းနှင့် သံရုံး အစရှိသည့် အမျိုးအစားများအတွက် ခံစားခွင့် မပါဝင်ပါ။ စာရင်းပေးသွင်းပြီးသော်လည်း Discount မရရှိပါက MPT ကောင်တာများတွင် မေးမြန်း စုံစမ်းနိုင်ပါသည်။

• MPT မှ ကြိုတင်အကြောင်းကြားခြင်း မရှိပဲ မည်သည့်အချိန်တွင်မဆို ယင်း ပရိုမိုးရှင်း အကျိုးခံစားခွင့် အစီအစဉ်အား ပြင်ဆင်ခြင်း သို့မဟုတ် ရပ်တန့်ပစ်ခြင်းများကို ပြုလုပ်နိုင်ခွင့် ရရှိထားပါသည်။